# နိဗ္ဗာန်ခရီး အနီးအဝေး

**ပြဿနာ = ဝေးသလော၊ နီးသလော။**

**မေးလျှောက်သူ= ရေဝတ နတ်သား။**

ရေဝတမည်သော နတ်သားသည် ဘုရားထံ၌ တရားနာရဖူး၏။ နိဗ္ဗာန်သည် သန္တိသုခစင်စစ် အေးချမ်းသာယာလှသည်ဟူသော စကားကို မကြာခဏ ဆိုသလိုပင် ကြားရသူဖြစ်၏။

တစ်နေ့သ၌ ထိုနတ်သားသည် နိဗ္ဗာန်ကို တွေးကြည့်လေ၏။ နိဗ္ဗာန်သည် အေးချမ်းသာယာလှသည်ဟု ဗုဒ္ဓက ဟောတော်မူ၏။ ထိုနိဗ္ဗာန်သည် အဘယ်သို့ သာယာလေသနည်း၊ အဘယ်မျှ အေးချမ်းလေသနည်း၊ ထိုနိဗ္ဗာန်၌ ဘာတွေ ရှိလေသနည်း၊ ဘာတွေ ပေါလေသနည်း၊ အဘယ်မျှ ပျော်စရာကောင်းလေသနည်း၊ ထိုနိဗ္ဗာန်သို့ရောက်အောင် အဘယ်လမ်းက သွားလေသနည်း၊ အဘယ်မျှ ခရီး ဝေးလေသနည်းဟု တွေးကြည့်သည်။ အဖြေကား ရေးရေးမျှပင် မထင်လေ။

ထို့ကြောင့် နိဗ္ဗာန်ခရီး အနီးအဝေးနှင့် အဘယ်လမ်းက သွားရသည်ကို သိလိုလှသော ရေဝတနတ်သားသည် တစ်နေ့သောအခါတွင် ဘုရားအထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဤသို့ မေးမြန်းလျှောက်ထားလေ၏။

မေး။ မြတ်စွာဘုရား၊ နိဗ္ဗာန်သည် အဘယ်မျှ ခရီးဝေးပါသနည်း၊ ထိုနိဗ္ဗာန်၌ မည်သည့်အရာတွေ ရှိပါသနည်း။ ထိုနိဗ္ဗာန်သို့သွားလိုသော် အဘယ်လမ်းက သွားရပါသနည်း။

ဖြေ။ ချစ်သား ရေဝတ၊ မှတ်သားနာယူလော့။ သင့်အမေးကို ငါဖြေကြားအံ့။

ချစ်သား ရေဝတ၊ အကြင် နိဗ္ဗာန်ဟူသော အရပ်သည် ရှိ၏။ ထိုနိဗ္ဗာန်အရပ်၌လည်း မဖြစ်၊ အိုလည်း မအို၊ သေလည်း မသေ၊ ရွေ့လည်း မရွေ့၊

တစ်ဖန်လည်း ပဋိသန္ဓေမနေ၊ လောကလမ်းဆုံး အရပ်တည်း။ ထိုအရပ်သို့ ခြေလျင်၊ ကုန်းကြောင်း၊ လှည်း၊ ရထားတို့ဖြင့် သွားခြင်းဖြင့် သိအပ်၏ ဟူ၍လည်းကောင်း၊ မြင်အပ်၏ဟူ၍လည်းကောင်း၊ ရောက်အပ်၏ဟူ၍လည်းကောင်း ငါ မဆို၊ ငါ မပြော၊ ငါ မဟော။

အို-ချစ်သား ရောဟိတ၊ လောကလမ်းဆုံး၊ ခရီးဆုံးဖြစ်သော ထိုနိဗ္ဗာန်သို့ မရောက်လေဘဲလည်း ဆင်းရဲခြင်းကင်းပြီး၊ ဆင်းရဲခြင်းကင်းအောင် ပြုတတ်သည် ဟူ၍ ငါမဆို၊ ငါမပြော၊ ငါမဟော။

အို-ချစ်သား ရောဟိတ၊ စင်စစ်သော်ကား အရပ်အမောင်းအားဖြင့် တစ်လံလောက်မျှသာ ရှိသော၊ အမှတ်သညာ၊ စိတ်နှင့်တကွသော ဤကိုယ်ကောင်၌သာလျှင် သင်္ခါရ ဒုက္ခတည်းဟူသော ပြုပြင်ဖန်တီးမှု ဆင်းရဲလောကကိုလည်းကောင်း၊ ယင်းသင်္ခါရလောက၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ယင်းသင်္ခါရလောက၏ချုပ်ဆုံးရာ နိဗ္ဗာန်ကိုလည်းကောင်း၊ ယင်းနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကိုလည်းကောင်း ငါ ပညတ်တော်မူ၏။ သိစေတော်မူ၏။

အို-ချစ်သား ရောဟိတ၊ လောက၏အဆုံးဖြစ်သော နိဗ္ဗာန်သို့ ခြေလျင်သွားခြင်းဖြင့် သို့မဟုတ် ဆင်၊ မြင်း၊ ရထား၊ လေ့ စသော ယာဉ်ကိုစီး၍ သွားခြင်းဖြင့် တစ်ရံတစ်ဆစ် ယောင်၍မျှ မရောက်အပ်၊ မရောက်ကောင်း။

အို-ရောဟိတနတ်သား၊ လောကအဆုံးဖြစ်သော ထိုနိဗ္ဗာန်သို့မရောက်ဘဲလျက်လည်း ဆင်းရဲမှ လွတ်မြောက်ခြင်းသည် မရှိ။

အို-ရောဟိတနတ်သား၊ စင်စစ်သော် နိဗ္ဗာန်ဟူသည်ကား လူတို့မှီတင်းနေထိုင်ရာ မြို့ပြ၊ ပြည်ရွာ စသည်တို့ကဲ့သို့ တည်ရာဒေသ မရှိလေ။ မရှိသောကြောင့် ရထား၊ မြင်း၊ ဆင် စသော ယာဉ်ဖြင့်လည်းကောင်း၊ လှည်းယာဉ်၊ လေ့ယာဉ်၊ ခြေလျင်သွားခြင်းဖြင့်လည်းကောင်း သွား၍ ရောက်အပ်သည်၊ ရောက်ကောင်းသည် မဟုတ်။ စင်ကြယ်သော "ဝိသုဒ္ဓိ"ပဋိပတ်၊ မြတ်သောအကျင့်ဖြင့်သာ ရောက်အပ်၏။ ရောက်ကောင်းသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်သာ ကြည့်၍ မြင်နိုင်သည်။ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော ထိုနိဗ္ဗာန်ကား ကေန်ရှိသည်သာတည်း၊ ဤနိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခမှ ကင်းသည် မရှိ၊

(သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်မှ)